# အပြည့်ပြည့်ဆိုင်ရာ ထေရဝါဒတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသ ၏ အတ္ထုပ္ပတ္တိ အကျဉ်း



**Bamaw Sayadaw (Left) & Maung Htaung Myayzin Sayadaw (Right)**

## ဇာတိချက်ကြွေ မွေးရပ်မြေ

- မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ရဘဲကျေးရွာ ဦးဘိုးသစ် ၊ ဒေါ်အေးသိုက်တို့မှဖွားမြင်၊
- မွေးချင်း (၈)ယောက်ရှိရာတွင် စတုတ္ထမြောက်သားရတနာ
- ငယ်မည် မောင်ကျော်စိန်

## မြင့်မြတ်အထက်တန်း ရှင်ရဟန်း

- ဂျပန်ခေတ် ရွာသစ်ရွာ အထက်တန်းကျောင်းမှ အဌမတန်း အောင်မြင်ပြီးနောက် ၁၃၀၅ ခုနှစ် ဝါဆိုလတွင် ဆင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ကို ဥပဇ္ဈာယ် ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ ဘောင်ဝင်ရောက်ခဲ့သည် ။ ၁၃၁၀ ခုနှစ် တပို့တွဲလဆန်း (၁၀) ရက်နေ့၌ ရဘဲရွာ ကံမြဲဆရာတော် ဘဒ္ဒန္တသောဘိတ ကို ဥပဇ္ဈာယ် ပြုလျက် ရဟန်းဘောင်သို့ တက်ရောက်ခဲ့ ။

## စာပေသင်ကြား ထူးခြားအောင်မြင် ဗန်းမော်ရှင်

- လောကုတ္တရာ စာပေဆိုင်ရာ သဒ္ဒါ သင်္ဂြိုဟ် တို့ကို (၁၁)တည်း အပြီးအပြတ် သုတ်ပြီး ရုပ်ပြီးပါမကျန် အာဂုမ်ဆောင်နိုင်ခဲ့ ။ ၁၃၀၈ ခုနှစ် ပထမငယ်တန်း ၁၃၀၉ ခုနှစ်

ပထမလတ်တန်း ၊ ၁၃၁၃ ခုနှစ် ပထမကြီးတန်း ၊ ၁၃၁၄ ခုနှစ် သကျသီဟ သီးခြားစာသင်တန်း၌ နံပါတ် (၁) အမှတ်အများဆုံး ၊၁၃၁၅ ခုနှစ်ဓမ္မာစရိယ ကျမ်းကြီးသုံးကျမ်းကို နှစ်မခြားပဲ နံပါတ် (၁) အမှတ်အများဆုံးအောင်မြင်၍ ရွှေတံဆိပ် ဦးဆောက်ပန်းပိုင်ရှင် သကျသီဟဓမ္မာစရိယဝင့်သကာဘွဲ့

- ယင်း ၁၃၁၅ ခုနှစ်မှာပင် ဓမ္မာစရိယ(၉) ကျမ်းကို ပါဠိဘာသာဖြင့် တစ်နှစ်တည်း အောင်မြင်၍ အစိုးရစာချတန်း သာသနဓဇသိရီပဝရ ဓမ္မာစရိယ ပါဠိသိရောမဏိ ဘွဲ့ရရှိခဲ့
- ယနေ့အချိန်ထိ မြန်မာတစ်နိုင်ငံလုံး၌ ပါဠိဘာသာဖြင့် ဓမ္မာစရိယ (၉)ကျမ်းကို တစ်နှစ်တည်းအောင်မြင်သူမှာ ဗန်းမော်ဆရာတော်ကြီးတစ်ပါးသာရှိခဲ့ ။

- ထို့နောက် လောကီစာပေဆိုင်ရာ အတန်းစာများလေ့လာသင်ယူပြီး မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ ။

- မန္တလေးမြို့ ဘုရားကြီးတိုက် ပုသိမ်ကျောင်းဆရာတော်ထံ သိဒ္ဓန္တကောမုဒီမည်သော သက္ကဋဘာသာကို (၃) နှစ်ခန့် သင်ယူခဲ့

- ပြာကရိုက်ဘာသာနှင့်အဒ္ဓမာဂဓီဘာသာတို့ကို အဘယာရာမဆရာတော် ဦးသီလာနန္ဒ အကူအညီဖြင့် သင်ယူခဲ့

## သာသနာရေးဆောင် ရွက်ပေး

၁။ ၁၃၁၈ ခုနှစ်မှစ၍ ၁၃၂၃ ခုနှစ်ထိ (၅) နှစ်တိုင်တိုင် ဆဋ္ဌသင်္ဂါယနာတင်စဉ် စာမူများကောင်းမွန်စေရေးအတွက် သြသာနပတ္တပါဠက ၊ သြသာနသောဓေယျက အဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ ၊

၂။ နိုင်ငံတော်အစိုးရ၏ လျောက်ထားချက်အရ တိပိဋကပါဠိပဒကျမ်းညွှန်းကြီးနှင့် ပါဠိမြန်မာအဘိဓာန် (အ) ဝဂ် လေးကျမ်းတွဲကြီးကို ပါဝင်ပြုစုဆောင်ရွက်ခဲ့ ၊

၃။ သာသနာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးသည့် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပေးခဲ့၊

၄။ တိပိဋက=နိကာယသာသနာပြုအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို လက်ပွန်းတတီး ပါဝင်ကူညီဆောင်ရွက်ပေးရင်း မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်၌ (၅) နှစ်တိုင်တိုင် စာချနာယကချုပ် အဖြစ်ဖြင့် တိ=နိ သံဃာတော်များအား စာချပေးခဲ့၊ တိပိဋကဓရ (၁) ပါး ၊ တိပိဋကကောဝိဒ (၅) ပါးပေါ်ထွန်းခဲ့

၅။ သာသနာတော်သန့်ရှင်း တည်တန့်ပြန့်ပွါးရေး ဂိုဏ်းပေါင်းစုံ
သံဃာ့အဖွဲ့အစည်းကြီးစတင်ဖွဲ့စည်းရာ၌ ဥသျှောင် ဆရာတော်များအဖွဲ့မှ၄င်း ၊
(၆၆) ပါးသော ဗဟိုရ်သံဃာ့ဝန်ဆောင်အဖွဲ့မှ၄င်း အဖွဲ့ဝင်တစ်ပါးအနေဖြင့်
လိုက်လံစည်းရုံးဆောင်ရွက်ခဲ့ ၊

၆။ ဝိနည်းဓမ္မသတ်မှုခင်းဆိုင်ရာ ဥပဒေရေးဆွဲရာ၌ အတွင်းရေးမှူးဆရာတော်အဖြစ်
ပြီးမြောက် အောင်မြင်သည်အထိ ဆောင်ရွက်ပေးခဲ့ ၊

၇။ ဓမ္မနီတိ မိစ္ဆာဝါဒ နှင့် စမ်းကလေးဝါဒကိုလည်း သီးခြားဝိနည်းဓိုရ်ဆရာတော်အဖြစ်
နိုင်ငံတော်အစိုးရ၏လျှောက်ထားတောင်းပန်ချက်အရ
ပြီးပြတ်ပြေငြိမ်းအောင်ဆုံးဖြတ်ပေးခဲ့ ၊

၈။ နိုင်ငံတော်အရပ်ရပ်မှ မပြီးပြတ်သေးသော ဝိနိစ္ဆယတို့ကိုလည်း နိုင်ငံတော်
ဝိနည်းဓိုရ် ဆရာတော် အဖြစ်ဆုံးဖြတ်ပေးခဲ့၊

၉။ ၁၉၉၄ ခုနှစ် စင်္ကာပူနိုင်ငံ ဆရာတော်ဦးပညာဝံသ၏ ပင့်လျှောက်ချက်အရ
ဥပရိပါသာဒသိမ်သမုတ်ပွဲတွင် ပဓာနနာယက အဖြစ် ဆောင်ရွက်ပေးခဲ့ ၊

၁၀။ ၁၉၉၆ ခုနှစ် မစ္စတာဂိုအင်ဂါ ၏ ပင့်လျှောက်ချက်အရ အိန္ဒိယ နိုင်ငံ
ဘုံဘေမြို့အနီး ရွှေတိဂုံစေတီတော်နှင့် ဉာဏ်တော်တူ စေတီတော်ကြီးတည်ဆောက်ရာ၌
ပါဝင်ခဲ့၊

၁၁။အင်္ဂပူမြို့ ဝိပဿနာတရားစခန်း ပြန့်ပွါးရေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့၊

## ရေးသားထုတ်ဝေ ကျမ်းစာပေ

- သိမ်တောင်သာသနာဝင်ကျမ်း (မြန်မာဘာသာ )( ရိုက်ပြီး )
- နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ ပြုစုသော တိပိဋက ပါဠိပဒ ကျမ်းညွှန်း (ရိုက်ပြီး)
- တိပိဋက ပါဠိ+မြန်မာအဘိဓာန် (အ) ဝဂ် (၄) အုပ်
- မောဂ္ဂလာန် သဒ္ဒါကျမ်းကြီးအဖွင့် ပယောဂသိဒ္ဓိ နိဿယ ပ+ဒု (၂) အုပ် (ရိုက်ပြီး)
- မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိဘာသာသို့ ပြန်ဆိုရေးသား ပ+ဒု (၂) အုပ် (ရိုက်ပြီး)
- မန္တလေး ရတနာမဉ္ဇူ ဘုရားသမိုင်း (ရိုက်ပြီး)
- ထေရီ အပဒါနဒီပနီ (ပါဠိဘာသာ) ( ရိုက်ပြီး )
- တိပိဋကပါရာဇိကဏ် ဝိသဇ္ဇနာကျမ်း (၂၈ )နှစ်စာ (ရိုက်ပြီး)
- တိပိဋက ပါစိတ် ဝိသဇ္ဇနာကျမ်း (၂၈ )နှစ်စာ (ရိုက်ပြီး)
- တိပိဋက မဟာဝါ စူဠဝါ ပရိဝါ ဝိသဇ္ဇနာကျမ်း

- အောက်ယမိုက်ပါဠိတော် (၅) ကျမ်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခြင်း (ရိုက်ပြီး)
  (ဘဒ္ဒန္တ နာရဒ နှင့် ဘဒ္ဒန္တကုမာရာဘိဝံသ)
- အထက်ယမိုက်ပါဠိတော် (၅) ကျမ်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခြင်း(ရိုက်ဆဲ)

## ကျင့်ကြံပွားများ ဝိပဿနာတရား

ဆရာတော်ကြီးသည် စာပေထူးချွန်ရုံသာ မကဘဲ ပဋိပတ္တိကျင့်ကြံရာတွင်လည်း တရားပြဆရာတို့၏ ကျေနပ်မှုကိုခံယူ ရရှိခဲ့သည်၊ အထူးသဖြင့် ကန္နီမြေဖင်းတောရနည်းဖြင့် ဝိပဿနာတရား ရှုမှတ်ခဲ့ပြီး ၎ကမ္မဋ္ဌာန်းနည်းထိရောက်ပုံကို စာပေဖြင့်လည်းကောင်း ဟောပြောမှုဖြင့်လည်းကောင်း ဖြန့်ဝေတော်မူခဲ့သည်၊

## ဘွဲ့တံဆိပ်မှတ် ဆက်ကပ်ပူဇော်

၁။ ၁၉၉၂–ခုနှစ် ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့
၂။ ၁၉၉၉– ခုနှစ် ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့
၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်မှ ဒီလစ် ဘွဲ့
၄။ ၂၀၀၅–ခုနှစ် ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့
၅။ ၂၀၀၉– ခုနှစ် ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့

ဇန်းမော်ဆရာတော်ကြီးသည် သက်တော်ကလည်းရှည် ကျန်းမာရေးကလဲ အလွန်ကောင်း နေ့စဉ်တရားအားမထုတ်သောရက် (၁) ရက်မှမရှိမှု၍ ယနေ့အချိန်ထိ ဘာသာရေး သာသနာရေး များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေဆဲပါ။

ကောဇာ ၁၃၂၄ – ခုနှစ် ဝါဆိုလမှစ၍ ဤ ဇန်းမော်တိုက်၌ သီတင်းသုံးသော နဝမ ဇန်းမော် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မထေရ်မြတ် ရောက်စ၌ ရှေးကျောင်းဆောင်ကြီး တစ်ဆောင်သာ ရှိခဲ့၏။

ဆရာတော်ရောက်စက အသက်အရွယ်(၃၃)နှစ်သာရှိသေး၏၊ ကြမ်းဆွေးကျောင်းအို၊ လက်ရမ်းပြို၊ အမောင်ဘယ်လို လျောက်မှာနည်း။ ရဟန်းပျိုပျို၊ ကျောင်းအိုအို၊ အမောင် မည်သို့ နေမည်နည်း ဟု ပြောရမလို ကျောင်းအို ကျောင်းဆွေးကြီးမှာ နှစ်ပေါင်းများစွာ သာသနာ ပြုခဲ့ရ၏။

ယနေ့အချိန်ထိ ဆရာတော် သီတင်းသုံးလာသည်မှာ (၄၇) နှစ်သက်တမ်းသို့ရောက်ခဲ့ပါပြီ၊ ယင်း (၄၇) နှစ် ကာလ တစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် ကျောင်းဆောင်များမှာ လက်ချောင်း ခြေချောင်းမက များပြားလှတော့၏။ ယခုအခါဆရာတော်သည် မန္တလေးမြို့ ဇန်းမော် ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်ရင်း ပြည်တွင်း၊ ပြည်ပ သာသနာပြုတာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူလျက်ရှိပါသည်။